# BASIC CHRISTIAN LIFE

# အခြေခံ ခရစ်ယာန် အသက်တာ

By

Henry Pulsifer

Copyright, 1990
ALL Rights Reserved

Translated by:
Thang Cin Pau, B.Th. M.Div.
New Life Ministries
newlifepau67@gmail.com



## အခြေခံ ခရစ်ယာန် အသက်တာ နိဒါန်း

ဘုရားသခင်သည် သင်၏အသက်တာအတွက် မွန်မြတ်သော အကြံအစည်တော်ရှိသည်။ လူတိုင်း၏အသက်တာတွင် အောင်မြင်မှု ရရှိခြင်းသည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေခြင်း အပေါ် မူတည်နေသည်။ ဘုရားသခင်၏ အကြံအစည်တော်ကို သိရှိနိုင်ရန်နှင့် ထိုအကြံအစည်တော်ကို ပြည့်စုံစေနိုင်ရန် ကျွန်ုပ်တို့သည် ခရစ်တော်အတွက် နေ့စဉ် အသက်ရှင်ရန် သင်ယူရပါမည်။

သင်ခန်းစာတိုင်းတွင် အပိုင်းသုံးပိုင်း ခွဲခြားထားသည်။ (က) နှုတ်ကပတ်တော် လေ့လာခြင်း၊ (ခ) အခြေခံမေးခွန်းများနှင့် (ဂ) ကျက်မှတ်ရန် ကျမ်းချက် စသည်တို့ဖြစ်သည်။ နှုတ်ကပတ်တော် လေ့လာခြင်းတွင် ဘုရားသခင်၏စကားတော်ကို လေ့လာရပါမည်။ အခြေခံမေးခွန်းများသည် နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နိုင် ရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ကျမ်းချက်များကို ကျက်

မှတ်ခြင်းသည် သမ္မာတရာကို နှလုံးသားထဲ၌
သိထားနိုင်ရန် ဖြစ် သည်။
ဤသင်ခန်းစာထဲတွင်
သင့်ပြဿနာအားလုံး၏ဇာစ်မြစ်၊ သင်
၏ရန်သူအကြောင်း၊ ရန်သူကို အဘယ်သို့
အနိုင်တိုက်ရမည်အ ကြောင်း၊
ပြဿနာကိုဖြေရှင်းနည်း၊ ခရစ်တော်အတွက်
အသက်ရှင် နည်း၊ အသက်တာတွင်
ဘုရားသခင်၏အကြံအစည်တော်ကို အဘယ်သို့
ပြည့်စုံစေနိုင်မည်ဟူသော အကြောင်းများကို လေ့လာ
ရပါမည်။

သင်ခန်းစာတိုင်းကို ဆုတောင်းခြင်းဖြင့်
အစပြုပါ။ အဖြေများ ကိုလည်း ကွက်လပ်များတွင်
ရေးချပါ။ လေ့လာသည်အတိုင်း အသက်ရှင်နိုင်ရန်
ဘုရားသခင်အား အကူအညီတောင်းလျှောက်ပါ။
နှုတ်ကပတ်တော် လေ့လာသည်နှင့်အညီ
ဘုရားသခင်သည် မိတ်ဆွေအား
ကောင်းကြီးပေးပါစေသော။



# သင်ခန်းစာ ၁။

# ပြဿနာ (အပြစ်)

**နှုတ်ကပတ်တော် လေ့လာခြင်း။**
ပေးထားသောကျမ်းချက်များကို လေ့လာပြီး
မေးခွန်းများကိုဖြေဆိုပါ။

၁။ အပြစ်ဟူသည် အဘယ်နည်း။(၁ယော
၃း၄၊ယာကုပ် ၄း၁၇၊ ရောမ ၁၄း၂၃)

၂။ မဿဲ ၁၅း၁၉အရ အပြစ်သည်
အဘယ်ကလာသနည်း။

၃။ အပြစ်သည် ဘာကိုဖြစ်စေသနည်း။(ယာကုပ်
၁း၁၄–၁၇၊ရောမ ၆း၂၃)

၄။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏
ဆက်ဆံရေးကိုအပြစ်က ဘာဖြစ်
စေသနည်း။(ဟေရှာယ ၅၉း၂)

၅။ အဘယ်သူသည် အပြစ်ရှိသနည်း။
(ရောမ ၃း၂၃)

၆။ မိမိတို့၏အပြစ်များကို နောင်တမရသော
သူတို့အား ဘုရားသခင် သည်
အဘယ်သို့စီရင်သနည်း။(သုတ္တံ ၁၀း၂၉)

**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း
အသက်ရှင်နိုင်ရန်၊

၁။ သင်သည် အပြစ်သားဖြစ်ကြောင်း သိပါသလား။
ဟုတ်–––၊ မဟုတ် –––။ မသိပါက
မိမိအပြစ်အတွက် နောင်တရနိုင်ရန် မိမိ
၏အပြစ်များကို ဖော်ပြပေးရန် ဘုရားသခင်အား
ဆုတောင်းပါ။
၂။ သင့်ကိုပြစ်မှားစေသော
သင်၏သဘောထားများသည် အဘယ်
သို့နည်း။



၃။သင့်အပြစ်ကြောင့် ဖြစ်ပေါ်လာသော
သင်၏ပြဿနာများသည် အဘယ်သို့နည်း။

၄။ သင်၏အပြစ်နှင့်ပတ်သက်၍
နှုတ်ကပတ်တော်တွင် ဖော်ပြသည် အတိုင်း
လုပ်ဆောင်ရန် အဆင်သင့်ရှိပါသလား။ရှိ–––၊ မရှိ–
––။ မရှိသေးပါက ဘုရားသခင်သည်
နောင်တရသောနှလုံးသားကို ပေး ရန်
ဆုတောင်းပါ။

**ကျက်မှတ်ရန်။** နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌
သိုထားခြင်း၊ **ရောမ ၃း၂၃။**

## သင်ခန်းစာ ၂။

## ဖြေရှင်းချက် (ကယ်တင်ခြင်း)

**နှုတ်ကပတ်တော်ကို လေ့လာခြင်း။**
ပေးထားသောကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကိုဖြေဆိုပါ။

၁။ သင့်အပြစ်ကြောင့် ဘုရားသခင်သည် မည်သည့်အမှုကိုပြု သနည်း။ (ရောမ ၅း၈)

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အသေခံရန် အဘယ်ကြောင့် ယေရှုကို စေလွှတ်တော်မူသနည်း။(ယောဟန် ၃း၁၆)

၃။ယေရှုအသေခံခြင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ဘာများ လုပ်ပေးသနည်း။(ဧဖက် ၁း၇)



၄။ အပြစ်လွတ်ရန် ဘုရားသခင်သည် အခြားသောနည်းလမ်း ပြင် ဆင်ခဲ့ပါသနည်း။(တမန်တော် ၄း၁၂)

၅။ ဘုရားသခင်၏ခွင့်လွတ်ခြင်းကို ရရှိရန် ဘာလုပ်ရမည်နည်း။(တမန်တော် ၃း၁၉)

၆။ နောင်တရခြင်းအပြင် ကယ်တင်ခြင်းရရှိရန် မည်သည့်မချက်နှစ်ခု လိုအပ်သနည်း။(ရောမ ၁၀း၉–၁၀)

၇။ ယေရှုသည် ကျွန်ုပ်တို့၏သခင် ဖြစ်တော်မူလျှင် ကျွန်ုပ်တို့လုပ် ဆောင်ရန် ဆန္ဒရှိရမည်ဟု မိန့်တော်မူသောအချက်သည် အဘယ် နည်း။(လုကာ ၁၄း၂၆၊၂၇၊၃၃၊ မဿဲ ၁၀း၃၇–၃၉)

၈။ ယေရှုသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ သခင်ဖြစ်လာသောအခါ ဘာဖြစ်လာသနည်း။(၂ကော ၅း၁၇)

၉။ သူ့အတွက် ကျွန်ုပ်တို့အသက်ရှင်နိုင်ရန်
ဘုရားသခင်သည် ကျွန်ုပ် တို့ကို
ဘာပေးခဲ့သနည်း။(လုကာ ၁၁း၁၃)

၁၀။ ခရစ်တော်၌ လူသစ်ဖြစ်လာသည်နှင့်အညီ
ကျွန်ုပ်တို့သည် အဘယ်သို့
အသက်ရှင်သနည်း။(ဂလာတိ ၂း၂၀၊၅း၂၄–၂၅)

၁၁။ ဝိညာဉ်တော်၌ လျှောက်လှမ်းနိုင်ရန်
ပြည့်ဝသောဝိညာဉ်တော် တန်ခိုးကို ကျွန်ုပ်တို့သည်
အဘယ်သို့ရရှိသနည်း။(တမန်တော် ၁း၅၊၈၊ ၂း၁–၄၊
၄း၃၁)

၁၂။ ဘုရားသခင်၏ ကယ်တင်ခြင်းကိုရရှိပြီးနောက်
အပြစ်အပေါ် အောင်မြင်ခြင်းရရှိရန်
ဘာများဆက်လုပ်ရမည်နည်း။(ဂလာတိ ၅း ၁၆–၁၈၊
၁ယော၅း၁–၃၊ ရောမ ၆း၁၇–၁၈)



၁၃။ အပြစ်မှနောင်တရခြင်း၊ ယေရှုခရစ်ကို
မိမိ၏ကယ်တင်ရှင်၊ အသက်သခင်အဖြစ်
လက်ခံယုံကြည်ကြောင်းကို အဘယ်သို့လက် တွေ့
ပြသရမည်နည်း။(ရောမ ၆း၄၊ ဂလာတိ၃း၂၇)

**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း
အသက်ရှင်နိုင်ရန်၊

၁။ ဘုရားသခင်သည် သင့်ကိုချစ်ကြောင်း၊
ယေရှုသည်သင့်အတွက် အသေခံကြောင်း၊
ယေရှုအားဖြင့်သာလျှင် အပြစ်လွတ်နိုင်ကြောင်း
ကိုယုံကြည်ပါသလား။ ဟုတ်–––၊ မဟုတ်–––။
မယုံကြည်ပါက ဘုရားသခင်သည်
မိမိ၏မေတ္တာတော်၊ ကယ်တင်ခြင်းနှင့် သမ္မာတ
ရားကို သင့်အပေါ် အမှန်တကယ် ထင်ရှားစေရန်
ဆုတောင်းပါ။

၂။ အပြစ်မှနောင်တရပြီလား။ သင်၏စိတ်နှလုံးကို
ခရစ်တော်အား ပေးအပ်ခဲ့ပြီလား။ သူသည်
သင်၏ကယ်တင်ရှင်၊ သင်၏သခင်ဖြစ် ကြောင်းကို
အခြားသူတို့အား ဝေငှသက်သေခံပြီး ဝန်ခံပြီလား။
ဟုတ်–––၊ မဟုတ်–––။ ဤသို့မဟုတ်ပါက
ဤဆုတောင်းချက်အ တိုင်း စိတ်နှလုံးထဲတွင်

ဆုတောင်းပြီး ပထမဆုံးတွေ့သောသူအား
ခရစ်တော်သည် သင်၏သခင်၊
ကယ်တင်ရှင်ဖြစ်ကြောင်းကို သက်သေခံဝေငှပါ။

"အိုအဖဘုရား၊ ခရစ်တော်၌ပြတော်မူသော
မေတ္တာယတော် ကြောင့် ကျေးဇူးတင်ပါ၏။
ကိုယ်တော်ကို ကျွန်ုပ်လိုအပ်ပါ၏။စာတန်ထံနှင့်
ဤလောကအရာများထံမှ ကိုယ်တော်ထံတော်သို့
ကျွန်ုပ်ပြန်လာပါ၏။ ကျွန်ုပ်၏နှလုံးသားကို ဖွင့်ဟပြီ
ကျွန်ုပ်၏အပြစ် များအတွက် နောင်တရပါ၏။
ယေရှုဘုရား ကိုယ်တော်သည် ကျွန်ုပ်
အတွက်အသေခံပြီး ရှင်ပြန်ထမြောက်ကြောင်း
ကျွန်ုပ်ယုံကြည်ပါ၏။ ကျွန်ုပ်၏နှလုံးသားထဲသို့
ဝင်လာပြီ ကျွန်ုပ်၏ဝိညာဉ်ကို ကယ်မတော် မူပါ။
ကျွန်ုပ်၏အသက်တာကို အုပ်စိုးပြီး
ကျွန်ုပ်၏ကယ်တင်ရှင်နှင့် သခင်ဖြစ်တော်မူပါ။
ကိုယ်တော်အတွက် အသက်ရှင်နိုင်ရန် သန့်ရှင်း
သောဝိညာဉ်တော်ကို ပေးတော်မူပါ။
ယေရှုနာမ၌ဆုတောင်းပါ၏။

၃။ မိမိ၏အသက်တာ၊ သင်၏ပန်းတိုင်များနှင့်
သင်ပိုင်ဆိုင်သော အရာများကို
သူ၏အုပ်စိုးခြင်းအောက်၌ ထားရှိပါသလား။ ဟုတ်
---၊ မဟုတ် ---။ ထိုသို့မဟုတ်ပါက



သင်ပိုင်ဆိုင်သမျှသော အရာများကို
ဘုရားသခင်ထံတော်သို့ ဆက်ကပ်အပ်နှံပြီး
အမှုတော်၊ နာမတော်အတွက် အသုံးပြုနိုင်ရန်
ဉာဏ်ပညာပေးတော်မူရန် ဆု တောင်းပါ။

၄။ နှုတ်ကပတ်တော်အတိုင်း နေ့စဉ်အသက်ရှင်နိုင်ရန်
သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးသနားတော်မူရန်
ဘုရားသခင်အား ဆုတောင်း ပါသလား။ ဟုတ်---၊
မဟုတ်---။ ထိုသို့မဟုတ်ပါက ဘုရား သခင်သည်
သင်အားသန့်ရှင်းသော ဝိညာဉ်တော်နှင့်
ပြည့်ဝစေရန် နှင့် နာခံသောနှလုံးသားကို
ပေးတော်မူရန် ဆုတောင်းပါ။

၅။ ရေနှစ်ခြင်းခံခြင်းဖြင့် ယေရှုဘုရားကို
နာခံပြီးပြီလား။ ဟုတ်---၊ မဟုတ် ---။
ထိုသို့မဟုတ်ပါက အမြန်ဆုံးရေနှစ်ခြင်းခံရန်
ဆုံးဖြတ်ပါ။

**ကျက်မှတ်ရန်။** နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌
သိုထားပါ။ **ယောဟန် ၃း၁၆**

# သင်ခန်းစာ ၃

## ရည်မှန်းချက် (ထာဝရအသက်)

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ထာဝရအသက် ဆိုသည်မှာ အဘယ်နည်း။ (ယောဟန် ၁၇း၃)

၂။ ဘုရားသခင်သည် အဘယ်သူနည်း။ (ဟေရှာယ ၄၆း၉၊ ဆာလံ ၉၀း၂၊ ဟေရှာယ ၅၇း၁၅)

၃။ ဘုရားသခင်သည် မိမိအား ကျွန်ုပ်တို့ထံတွင် အဘယ်သို့ ထင်ရှား သနည်း။(ဟေဗြဲ ၁း၁–၂၊ ကောလော ၁း၁၃–၁၆၊ ယောဟန် ၁း၁–၄၊ ၉၊ ၁၄၊ ဆာလံ ၁၉း၁–၃)



၄။ယေရှုသည် ဘုရားသခင်ဖြစ်ပါသလား။(ဟေရှာယ ၉း၆၊ ဟေဗြဲ ၁း၈၊ ယော ၂၀း၂၈)

၅။ ယေရှုသည် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းကို ခံတော်မူပြီး ဘုရားသခင်သည် မိမိကိုယ်ကို အဘယ်သို့ထင်ရှားမည်ဟု ယေရှု မိန့်တော်မူသနည်း။(ယောဟန် ၄း၂၄၊ ၁၄း၁၆–၁၇၊ ၁၆း၇–၁၁)

၆။ ဘုရားသခင်၏ အဓိကဝိသေသလက္ခဏာ (ခ့မေခေအနမငျအငချ) (၁၂)ပါးကိုဖော်ပြပါ။

(၁) ယေရမိ ၂၃း၂၃–၂၄

(၂) ယောဘ ၄၂း၂

(၃) ၁ယောဟန် ၃း၂၀

(၄) ၁ယောဟန် ၄း၁၆

(၅) ၁ယောဟန် ၁း၅

(၆) ဟေရှာယ ၆း၃

(၇) ဆာလံ ၁၀၃း၈

(၈) ၁တိ ၁း၁၇

(၉) ၂တိ ၂း၁၃

(၁၀) ဒံယေလ ၉း၁၄

(၁၁) ဟေရှာယ ၄၅း၂၁

(၁၂) ရောမ ၈း၃၃

၇။ လူတို့အတွက် ဘုရားသခင်၏အလိုတော်သည် အဘယ်နည်း။(၂ပေ ၃း၉)

၈။ လူတို့သည် နောင်တရရန် ဘုရားသခင်သည် အဘယ်ကြောင့် အလိုတော်ရှိသနည်း။(၁ယော ၁း၂-၃)



၉။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သောအခါ ဘုရားသခင်သည် သင်၏အသက်တာတွင် ဘာများလုပ်ဆောင်လိုသနည်း။(၂တိ ၁း၉)

၁၀။ ကျွန်ုပ်တို့၏ အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကိုတွေ့ရှိပြီး ပြည့်စုံစေရန် ဘာလုပ်ရမည်နည်း။ (ဖိလိ ၂း၁၂-၁၃၊ ဟေဗြဲ ၅း၉)

**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း အသက်ရှင်နိုင်ရန်၊

၁။ ဘုရားသခင်၊ ယေရှုခရစ်တော်ကို သိရှိလိုပါသလား။ ဟုတ်---၊ မဟုတ် ---။ မဟုတ်ပါက သူ့ကိုသိရှိလိုသော ဆန္ဒကိုပေးတော်မူရန် ဆုတောင်းပါ။

၂။ နှုတ်ကပတ်တော်၌ ဖော်ပြသော ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ပါသလား။ ဟုတ်---၊ မဟုတ်---။ မယုံပါက ဘုရား သခင်သည် နှုတ်ကပတ်တော်၌ ဖော်ပြသော ဘုရားသခင်ဖြစ်ကြောင်း ကို ယုံကြည်နိုင်ရန်နှင့်

သင်၏မယုံကြည်သော အပြစ်ကို ခွင့်လွှတ်တော်မူရန် ဆုတောင်းပါ။

၃။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သော အသက်တာတွင် အသက် ရှင်လိုပါသလား။ ဟုတ်–––၊ မဟုတ်–––။

၄။ သင့်အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို တွေ့ရှိပြီး ပြည့်စုံစေလိုပါသလား။ ဟုတ်–––၊ မဟုတ်––– ။မဟုတ် ပါက ဘုရားသခင်သည် သင့်အားနာခံသော နှလုံးသားကို ပေးတော် မူရန် ဆုတောင်းပါ။

၅။ ခရစ်တော်၏ စေခိုင်းခြင်းကို နာခံခြင်းဖြင့် အသက်ရှင်ရှင်လိုပါ သလား။ ဟုတ်–––၊ မဟုတ်–––။ မဟုတ်ပါက ဘုရားသခင်သည် သင့်အား နာခံသောနှလုံးသားကို ပေးတော်မူရန် ဆုတောင်းပါ။

**ကျက်မှတ်ရန်။ ယောဟန် ၁၇း၃**



# သင်ခန်းစာ ၄

## ရန်သူ (ဝိညာဉ်တိုက်ပွဲ)

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ အဘယ်သူသည် သင့်ကို ဖျက်ဆီးလိုပါသနည်း။(၁ပေ ၅း၈)

၂။ ကျွန်ုပ်တို့ကိုဖျက်ဆီးရန် အဘယ်သူသည် စာတန်နှင့်အတူ လုပ်ဆောင်သနည်း။(ဧဖက် ၆း၁၂)

၃။ ဘုရားသခင်ကို နှောင့်ယှက်ရန် စာတန်သည်ကျွန်ုပ်ကို အဘယ်သို့ သွေးဆောင်သနည်း။(ကမ္ဘာ ၃း၁–၆၊၁၃၊ လုကာ ၄း၁–၁၃၊ ယာကုပ် ၁း၁၄–၁၆)

၄။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို စုံစမ်းခြင်းခံရန် အဘယ်ကြောင့် ခွင့်ပြုတော်မူသနည်း။(၁ပေ ၁း၆–၇၊ ရောမ ၅း၃–၅)

၅။ စာတန်၏ စုံစမ်းခြင်းကို ကျွန်ုပ်တို့ကျော်လွှားနိုင်သလော။(၁ကော ၁၀း၁၃)

၆။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြင်ဆင်သော ထွက်မြောက်ရာ လမ်းသည် အဘယ်နည်း။(မဿဲ ၂၆း၄၁၊ ဧဖက် ၆း၁၀–၁၁)

၇။ သင်၏ဝိညာဉ်ရေးရာ လက်နက် (၇)မျိုးကိုဖော်ပြပါ။(ဧဖက် ၆း၁၃–၁၈)

(က) (ခ)

(ဂ) (ဃ)

(င) (စ)

(ဆ)



၈။ စာတန်ကို အောင်နိုင်ရန် ဘုရားသခင်၏ မည်သည့်လက်နက် သည် ကျွန်ုပ်တို့ကို စွမ်းဆောင်စေနိုင်သနည်း။(၂ကော ၁၀း၃–၆)

၉။ ကျွန်ုပ်တို့သည် စာတန်ကို အဘယ်ကြောင့် အောင်နိုင်သနည်း။(၁ယော ၄း၄)

၁၀။ အပြစ်၏အကျိုးဆက်မှ လွတ်မြောက်ရန် မည်သည့် အချက် လေးချက် လိုအပ်သနည်း။(မာကု ၁၆း၁၇၊ ယာကုပ် ၅း၁၆၊ ၁ယော ၁း၉၊ လုကာ ၁၇း၃–၄၊ ဝတ်ပြု ၆း၂–၅)

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်နိုင်ရန်၊

၁။ စာတန်၊ လူ၊ အခြေအနေ တို့တွင် သင်၏ရန်သူသည် အဘယ်သူ နည်း။

၂။ သင်သည် မည်သည့်နေရာတွင် အထူးသဖြင့် စုံစမ်းခြင်းကို ခံ ရသနည်း။

ဤအချက်တွင် အောင်မြင်နိုင်ရန်
သန့်ရှင်းသောနှလုံးသား၊ ခွန်အား၊ ဉာဏ်ပညာ၊
အစွမ်းသတ္တိများကို ပေးတော်မူရန် ဘုရားသခင်အား
ဆုတောင်းပါ။

၃။ စာတန်အပေါ် အောင်မြင်ခြင်းကို ရရှိနိုင်ရန်
သင်၏ဝိညာဉ် ရေးရာ လက်နက်များကို
နေ့စဉ်စစ်ဆေးပါသလား။ ဟုတ်---၊ မဟုတ်---။
မဟုတ်ပါက ယခုစတင်စစ်ဆေးပါ။

၄။ သင်၏အတွေးအခေါ်နှင့် ဆန္ဒများသည်
အသက်တာအတွက် ဘုရားသခင်၏ အလိုတော်နှင့်
ကိုက်ညီအောင် ကြိုးစားပါသ လား။ ဟုတ်---၊
မဟုတ်---။ မဟုတ်ပါက ယခုစတင်ပါ။

၅။ သင့်အသက်တာ၌ဖြစ်စေ၊ အခြားသူများ၏
အသက်တာ၌ ဖြစ်စေ၊ အပြစ်နှင့် ပတ်သက်၍
နှုတ်ကပတ်တော် စေခိုင်းသည် အတိုင်း လုပ်
ဆောင်ပါသလား။ ဟုတ်---၊ မဟုတ်---။
မဟုတ်ပါက ယခု စတင်လုပ်ဆောင်ပါ။

**ကျက်မှတ်ရန်။ ၁ပေ ၅း၈**



# သင်ခန်းစာ ၅

## ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်း။
(ခရစ်တော်အတွက် အသက်ရှင်ရန် သင်ယူခြင်း)

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော
ကျမ်းချက်များကို လေ့လာပြီး မေးခါန်းများကို
ဖြေဆိုပါ။

၁။ ဝိညာဉ်ရေးရာ အဆင့်(၃)ဆင့်သည်
အဘယ်သို့နည်း။ အဆင့် တိုင်းတွင်
ဘာဖြစ်သနည်း။(၁ယော ၂း၁၂-၁၄)

(က)

(ခ)

(ဂ)

၂။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကြီးထွားရင့်ကျက်နိုင်ရန် နေ့စဉ်ဘာများ လုပ်ဆောင်ရမည်နည်း။(လုကာ ၉း၂၃၊ ရောမ ၁၂း၁–၂)

၃။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန် ယုံကြည်ခြင်းနှင့် ပေါင်းစပ်ရမည့် အရာများသည် အဘယ်နည်း။(၂ပေ ၁း၅–၁၁)

၄။ ဘုရားသခင်၌ ကြီးထွားပြီး ကျွန်ုပ်တို့၏စိတ်ကို ပြုပြင်သည်နှင့် အညီ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာမှ မည်သည့် အရာများကို ဖယ်ရှားပြီး မည်သည့်အရာများကို ထည့်ပေးသနည်း။ (ဧဖက် ၄း၁၇–၅း၁၆)

| ဖယ်ရှား | ထည့်ပေး |
| --- | --- |



၅။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန်အတွက် လူတို့ကြုံတွေ့ရသော ပြဿနာများကို အဘယ်သို့ ရင်ဆိုင်ဖြေရှင်းသင့်သနည်း။(မဿဲ ၅း၂၃–၂၄၊ ၁၈း၁၅–၁၇)

၆။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန် အဘယ်သို့ အသက်ရှင်ရမည်နည်း။(ရောမ ၈း၅–၆၊ ဂလာတိ ၅း၁၆–၂၅)

၇။ ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းသည် ဘုရားသခင်နှင့် မိတ်သဟာ ယ ဖွဲ့ခြင်းကို အဘယ်သို့ အထောက်အကူပြုသနည်း။(ယောဟန် ၇း၁၇၊ ဧဖက် ၅း၁၇)

၈။ ဤအသက်တာတွင် ဘုရားသခင်၏ အလိုတော်အတိုင်း လုပ် ဆောင်ခြင်းသည် ဘာများခံစားစေသနည်း။(ရောမ ၈း၁၊ ၁၃–၁၄၊ ၂၈၊၃၁၊၃၅–၃၉၊ ကောလော ၁း၉–၁၃)

**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း အသက်ရှင်နိုင်ရန်၊

၁။ သင်သည် ဝိညာဉ်ရေးရာတွင် မည်သည့်အဆင့်၌ ရှိသနည်း။

၂။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန် နေ့စဉ်အသက်တာကို ခရစ်တောထံ ဆက်ကပ်အပ်နှံပါသလား။ ဟုတ်---၊ မဟုတ်---။ မဟုတ်ပါက နေ့စဉ်အသက်တာကို ခရစ်တော်ထံ ဆက်ကပ်အပ်နှံပါ။

၃။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန် ယုံကြည်ခြင်းခွန်အားဖြည့်ရန် ကြိုးစားပါသလား။ မှန်ကန်သော နည်းလမ်းဖြင့် လုပ်ဆောင်ပါသလား။ ဟုတ်---၊ မဟုတ်---။ မဟုတ်ပါက ယခုစတင်လုပ်ဆောင်ပါ။

၄။ ဝိညာဉ်ရေးရာ ရင့်ကျက်ရန် သင့်အသက်တာမှ ဖယ်ရှားရမည့် အရာများကို ဖော်ပြပါ။ ဤအရာများကို ဖယ်ရှားပြီး အသစ်သော ဝိညာဉ်ရေးရာ အရာ များနှင့် အစားထိုးပေးရန် ဘုရားသခင်အား နောင်တစိတ်ဖြင့် ဆု တောင်းပါ။



၅။ ဝိညာဉ်တော်၌ လျှောက်လှမ်းနိုင်ရန် သင်၏စိတ်နှလုံးကို ဝိညာဉ် ရေးရာ အရာများ၌ အာရုံစိုက်ပါသလား။ ဟုတ်---၊မဟုတ်---။ မဟုတ်ပါက ဝိညာဉ်ရေးရာများကို အာရုံစိုက်နိုင်ရန် ဆုတောင်းပါ။

၆။ သင်၏အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကိုသိခြင်းနှင့် ယင်းအလိုတော်အတိုင်း လုပ်ဆောင်ခြင်းသည် အရေးကြီးဆုံး ဖြစ်သလား။ဟုတ်---၊မဟုတ်---။ မဟုတ်ပက ဆုတောင်းဆက် ကပ်ပါ

**ကျက်မှတ်ရန်။ လုကာ ၉း၂၃**

# သင်ခန်းစာ ၆

## ဝိညာဉ်ရေးရာ အစားအစာ
(ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း)

### က။ ဆုတောင်းခြင်း။

**နှုတ်ကပတ်တော်လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ဘုရားသခင်နှင့် စကားပြောရန် သူ၏မျက်မှောက်တော်သို့ အ ဘယ်သို့ တိုးဝင်သနည်း။(ဆာလံ ၁၀၀း၄၊ ၁တိ ၂း၈)

၂။ ဘုရားသခင်ကို ချီးမွမ်းခြင်းသည် မည်သည့်အထောက်အကူ ဖြစ်စေသနည်း။(ဖေက် ၅း၁၈–၂၀)

၃။ ဆုတောင်းခြင်းနှစ်မျိုးကို ဖော်ပြပါ။(၁ကော ၁၄း၁၅)



၄။ ဝိညာဉ်တော်၌ ယ်သို့ဆုတောင်းသနည်း။(ရောမ ၈း၂၆၊ ၁ကော ၁၄း၁၄)

၅။ ဝိညာဉ်တော်၌ဆုတောင်းခြင်းသည် ဘာကိုဖြစ်စေသနည်း။(ယုဒ ၂၀)

၆။ ကျွန်ုပ်တို့ဉာဏ်နှင့် အဘယ်သို့ ဆုတောင်းသနည်း။(မဿဲ ၆း၅–၁၃)

၇။ ဘုရားသခင် မိန့်တော်မူသော ဆုတောင်းရမည့် အချက်များ သည် အဘယ်နည်း။ (မဿဲ ၅း၄၄၊ ၉း၃၈၊ ဆာလံ ၃၂း၅–၆၊ ၁၂၂း၆၊ ယာကုပ် ၁း၅၊ ၅း၁၆၊ ၁တိ ၂း၁–၃)

၈။ ဘယ်အချိန်တွင် ဆုတောင်းရမည်နည်း။(၁သက် ၅း၁၇၊ လုကာ ၁၈း၁)

၉။ ရန်သူကို အောင်နိုင်ရန်အတွက် တစ်ခါတရံ
အဘယ်သို့ ဆုတောင်းရမည်နည်း။ မဿဲ ၁၇း၂၁)

၁၀။ ခရစ်တော်အတွက် အသက်ရှင်ပါက
ကျွန်ုပ်တို့၏ဆုတောင်း ခြင်းနှင့် ပတ်သက်၍
ကတိတော်သည်အဘယ်နည်း။(၁ယော ၃း၂၂၊ ၅း၁၄)

၁၁။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအဖြေကို
ဟန့်တားသောအရာ သည် အဘယ်နည်း။(ယာကုပ်
၄း၃၊ ဆာလံ ၆၆း၁၈၊ ၁ပေ ၃း၇၊ မာကု ၁၁း၂၅–
၂၆)

၁၂။ ဤအတားအဆီးများကို အဘယ်သို့
ဖယ်ရှားမည်နည်း။(၁ယော ၁း၉)

**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း
အသက်ရှင်နိုင်ရန်၊



၁။ ဆုတောင်းသောအခါ ဘုရားသခင်ကို
ကျေးဇူးတင်သော နှလုံး သားဖြင့်
ချဉ်းကပ်ပါသလား။ဟုတ်–––၊မဟုတ်–––။
ဤအချက် တွင် အခက်အခဲများရှိပါက
ဆုတောင်းခြင်း အစပြုသောအခါ ဂုဏ်
တော်ချီးမွမ်းခြင်း သီချင်းသီဆိုပါ။

၂။ သင်၏အသက်တာကို ဝိညာဉ်တော်နှင့်
ပြည့်ဝစေရန် ဘုရားသခင် အား ခွင့်ပြုပါသလား။
ဟုတ်–––၊ မဟုတ်–––။ မဟုတ်ပါက
ဘုရားသခင်သည် သင့်အားဝိညာဉ်တော်နှင့်
ပြည့်ဝစေရန် ဆုတောင်း ပါ။ နှလုံးသားထဲ၌
ချီးမွမ်းခြင်းဖြင့် အစပြုပါ။

၃။ သင်၏ယုံကြည်ခြင်းကို
ဝိညာဉ်တော်၌ဆုတောင်းခြင်းဖြင့် တည်
ဆောက်ပါသလား။ ဟုတ်–––၊မဟုတ်–––။
မဟုတ်ပါက ယခု စတင်ပါ။

၄။ ဘုရားသခင်၏ အလိုတော်အတိုင်း
ဆုတောင်းပါသလား။ ဟုတ် –––၊ မဟုတ်–––။
ဤသို့မတောင်းပါက ယခုစတင်ပါ။

၅။ သင်၏ဆုတောင်းခြင်းအဖြေကို တားဆီးသောအရာများ ရှိပါသ လား။ ရှိ---၊မရှိ---။ရှိပါက ယခုနောင်တရပြီး ဆုတောင်းပါ။

၆။ အသက်တာတွင် ကြုံတွေ့သော အခြေအနေများအတွက် ဆု တောင်းရန် အမြဲတမ်းအဆင်သင့် ဖြစ်ပါသလား။ ဟုတ်--- ၊မဟုတ် ---။ ဤသို့မဟုတ်ပါက ဆုတောင်းနိုင်ရန် ဘုရားသခင် အား ယခု စတင်ဆုတောင်းပါ။

၇။ ပြဿနာများ ရင်ဆိုင်သောအခါ အစာရှောင်ဆုတောင်းပါသ လား။ ဟုတ်--- ၊မဟုတ်---။ ဤသို့မဟုတ်ပါက ယနေ့စတင်ပါ။

**ခ။ နှုတ်ကပတ်တော်။**

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ လူသည် မည်သည့်အရာအားဖြင့် အသက်ရှင်ရမည်နည်း။(လုကာ ၄း၄)



၂။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ဝိညာဉ်ရေးရာ ရင့်ကျက်ရန် ဘာကိုသုံးဆောင်သင့်နည်း။ (၁ပေ ၂း၁-၃)

၃။ ကျမ်းစာကို ယုံကြည်သင့်ကြောင်း အဘယ်သို့သိသနည်း။(၂တိ ၃း၁၆)

၄။ ယင်း၌ဖော်ပြသည့်အတိုင်း အသက်ရှင်ရမည့်အပြင် နှုတ်ကပတ် တော်ကို အသုံးပြုရမည်နည်း(၆)မျိုးကိုဖော်ပြပါ။ (ဧဖက် ၃း၄၊ ၂တိ ၂း၁၅၊ ဆာလံ ၁း၁-၂၊ ၁၁၉း၁၁၊ ၁ယော ၁း၁-၃၊ ဟဗ ၂း၂)

(က) (ခ)

(ဂ) (ဃ)

(င) (စ)

၅။ နှုတ်ကပတ်တော်ကို လေ့လာသောအခါ
ဘုရားသခင်သည် ကျွန်ုပ်တို့ကို
အဘယ်သို့ကူညီသနည်း။(ယော ၁၆း၁၃-၁၄)

၆။ နှုတ်ကပတ်တော်ကို နာခံခြင်းသည်
ကျွန်ုပ်တို့၏ယုံကြည်ခြင်း ကို
အဘယ်သို့ဖြစ်စေသနည်း။(ရောမ ၁၀း၁၇)

၇။ နှုတ်ကပတ်တော်ကို
လေ့လာပြီးဝေငှသည်နှင့်အညီ ရန်သူကို
တိုက်ခိုက်ရာတွင် အဘယ်သို့အထောက်အကူ
ဖြစ်စေသနည်း။(ဟေဗြဲ ၄း၁၂)

၈။ နှုတ်ကပတ်တော်၌ အသက်ရှင်သောသူတို့နှင့်
ပတ်သက်၍ ယေရှုသည် အဘယ်သို့
မိန့်တော်မူသနည်း။(ယော ၈း၃၁-၃၂)



**အခြေခံမေးခွန်းများ။** လေ့လာသည်အတိုင်း
အသက်ရှင်နိုင်ရန်၊

၁။ သင်၏ဝိညာဉ်ကို နှုတ်ကပတ်တော်
နေ့တိုင်းတိုက်ကျွေးပါသ လား။ ဟုတ်---၊မဟုတ်-
--။ မဟုတ်ပါက ယနေ့စတင်ပါ။

၂။ အသက်တာရှိ ပြဿနာများဖြေရှင်းနိုင်ရန်
နှုတ်ကပတ်တော်ကို ကျက်မှတ်ပြီး
အာရုံပြုပါသလား။ ဟုတ်---၊မဟုတ်---။ မဟုတ်
ပါကထိုသို့ပြုရန် ယနေ့စတင်ပါ။

၃။ နှုတ်ကပတ်တော် လေ့လာသောအခါ
ဘုရားသခင်ဖော်ပြသော အချက်များကို
မှတ်သားထားပါသလား။ ဟုတ်---၊မဟုတ်---။
မဟုတ်ပါက ယနေ့ထိုသို့ ပြုပါ။

၄။ နှုတ်ကပတ်တော် လေ့လာသောအခါ
ဘုရားသခင်ဖော်ပြသော အချက်၊
သင့်အတွက်ကောင်းကြီးဖြစ်သော အချက်များကို
အခြားသူ တို့အား ဝေငှပါသလား။ ဟုတ်---၊
မဟုတ်---။ မဟုတ်ပါက ယနေ့စတင်
ဆောင်ရွက်ပါ။

၅။ ကျမ်းစာအုပ်ရှိ စာအုပ်နာမည်များကို အလွတ်ကျက်မှတ်ပါ။

ဓမ္မဟောင်းကျမ်း။

ဓမ္မသစ်ကျမ်း။

**ကျက်မှတ်ရန်။ ၂တိ ၃း၁၆**



# သင်ခန်းစာ ၇

## ဝိညာဉ်ရေးရာ လေ့ကျင့်ခန်း

(မိတ်သဟာယဖွဲ့ခြင်း၊ သက်သေခံခြင်း)

**က။ မိတ်သဟာယဖွဲ့ခြင်း။**

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ယေရှုအတွက် ကျွန်ုပ်တို့အသက်ရှင်ပါက ဘာကိုလုပ်ဆောင်နိုင် မည်နည်း။(၁ယော ၁း၇)

၂။ မိတ်သဟာယဖွဲ့ခြင်းကို အဘယ်ကြောင့် လိုအပ်သနည်း။ (ဟေဗြဲ ၁၀း၂၄–၂၅)

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်ကြောင်း အဘယ်သို့သိနိုင် မည်နည်း။(၁ယော ၄း၂၀–၂၁၊ ၅း၂)

၄။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် သက်ဆိုင်ကြောင်းကို လူတို့သည် အဘယ်သို့ သိနိုင်မည်နည်း။(ယော ၁၃း၃၅)

၅။ ဘုရားသခင်၏မေတ္တာတော်ကို
အခြားယုံကြည်သူတို့အား အဘယ် သို့
ပြသမည်နည်း။(၁ယော ၃း၁၇၊ ဂလာတိ
၆း၁၀၊ ယာကုပ် ၁း၂၇၊ ၂း၁၄-၁၇)

၆။ ကျွန်ုပ်တို့သည် ဘယ်သူတို့နှင့်
မပေါင်းသင့်သနည်း။(သုတ္တံ ၁၂း၂၆၊ ၁ကော ၁၅း၃၄၊
၂ကော ၆း၁၄)

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း
အသက်ရှင်နိုင်ရန်၊

၁။ ဝိညာဉ်ရေးရာ ရင့်ကျက်မှုကို အထောက်အကူ
ဖြစ်စေရန် အခြား ယုံကြည်သူများနှင့် မိတ်သဟာယ
ဖွဲ့ပါသလား။ဟုတ်---၊ မဟုတ် ---။
မဖွဲ့ပါက ယနေ့ ထိုသို့ပြုပါ။ ဘုရားသခင်
အလိုတော်ရှိသော သူတို့နှင့် တွေ့ဆုံနိုင်ရန်
ဆုတောင်းပါ။

၂။ ဘုရားသခင့်အပေါ် သင်၏မေတ္တာကို
အခြားသောသူများ၊ အထူး သဖြင့်



ခရစ်ယာန်များအပေါ် အခွင့်ကြုံသည်အတိုင်း ဖော်ပြ
ပါသလား။ ဟုတ်---၊ မဟုတ်---။ မဟုတ်ပါက
နောင်တ ရပြီး ထိုသို့ပြုနိုင်ရန် ဆုတောင်းပါ။

၃။ ခရစ်တော်ကို မချစ်သောသူတို့နှင့် မိတ်သဟာယ
ဖွဲ့ပါသလား။ ဟုတ်---၊ မဟုတ်---။ နောင်တရပြီး
ခရစ်ယာန်များနှင့် မိတ် သဟာယဖွဲ့နိုင်ရန်
ဆုတောင်းပါ။

**ကျက်မှတ်ရန်။ ဟေဗြဲ ၁၀း၂၄-၂၅**

**ခ။ သက်သေခံခြင်း။**
**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော
ကျမ်းချက်များကို လေ့လာပြီး
မေးခွန်းများကိုဖြေဆိုပါ။

၁။ ဘုရားသခင် ပေးတော်မူသော
အမှုတော်ဆောင်ခြင်းတစ်မျိုးသည်
အဘယ်နည်း။(၂ကော ၅း၁၈-၁၉)

၂။ ဘုရားသခင့်လူတို့အနေဖြင့် မည်သည့်အတွက် ပြင်ဆင်သင့် သနည်း။(၁ပေ ၃း၁၅)

၃။ ကျွန်ုပ်တို့သည် နေ့စဉ်အသက်တာတွင် ဘာလုပ်သင့်သနည်း။(မဿဲ ၁၀း၇–၈)

၄။ ခရစ်တော်အတွက် ဘယ်နေရာတွင် အဘယ်သို့ သက်သေခံမည် နည်း။(တမန် ၁း၈)

၅။ ပျောက်ဆုံးသူတို့၌ ဝိညာဉ်တော် ပြုတော်မူသော အချက်(၃)ခု သည် အဘယ်နည်း။(ယော ၁၆း၇–၁၁)

၆။ နေရာတကာတွင် ရှင်ပေါလု ဝေငှသော အချက်နှစ်ခုသည် အဘယ်နည်း။(တမန် ၂၀း၂၁)

၇။ ဤကျမ်းချက်များအရ ဧဝံဂေလိတရား၏ အဓိကအချက်များ သည် အဘယ်နည်း။(ရောမ ၃း၂၃၊ ၆း၂၃၊ ၅း၈၊ ၂း၄၊ ၁၀း၉–၁၀၊ ၆း၁၇–၁၈)



၈။ သူ၏နာမတော်၌ လျှောက်လှမ်းသောအခါ ဘုရားသခင်၏ လမ်း ညွှန်ချက်နှင့် ကတိတော်သည် အဘယ်သို့နည်း။(မဿဲ ၂၈း၁၈–၂၀)

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်နိုင်ရန်၊

၁။ နေ့စဉ်အသက်တာတွင် အခြားသူတို့အား ခရစ်တော်အကြောင်း ဝေငှပါသလား။ ဟုတ်–––၊ မဟုတ်–––။ မဝေငှပါက သက်သေခံ ဝေငှနိုင်ရန် ဘုရားသခင်အား တန်ခိုးတောင်းပါ။

၂။ အခြားသူတို့သည် နောင်တရပြီး ခရစ်တော်အတွက် အသက်ရှင် ရန် လိုအပ်ကြောင်း ပြောပြပါသလား။ သို့မဟုတ် နောင်တတရား ကိုရှောင်ရန် ကြိုးစားပါသလား။ပြောသည်––– ၊ရှောင်သည်–––။ ရှောင်ခဲ့ပါက သတင်းကောင်း၏ အဓိကအချက်ကို ဝေငှရန်သတ္တိ ကို ဘုရားသခင်အား ဆုတောင်းပါ။

၃။ အခြားသူများကို တပည့်တော်များ ဖြစ်စေရန်
ကြိုးစားပါသလား။ ဟုတ်---၊မဟုတ်---။
မဟုတ်ပါက ဤသင်ခန်းစာတွင် လေ့လာ
သောအချက်များကို ဝေငှခြင်းဖြင့် အစပြုပါ။

**ကျက်မှတ်ရန်။ ၁ပေ ၃း၁၅**

++++++

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌
ရှင်သန်ကြီးထွားနိုင်ရန်အတွက်
ခရစ်တော်အကြောင်းကို နေ့စဉ်နှင့်အမျှ
ဝေငှသက်သေခံရန် လိုအပ်သည်။
အခြားသူများကို သွန်သင်နိုင်ရန် လေ့လာလိုပါက
ကျွန်ုပ်တို့ကို အောက်ပါအတိုင်း
စာရေးဆက်သွယ်နိုင်သည်။



BASIC INSTITUTE REQUEST FORM

__ I would like to train in English .
Please send me the BASIC Institute Catalog.

NAME ________________________________

ADDRESS ______________________________

CITY ______________ STATE _____ ZIP ________

COUNTRY______________________________

HOME PHONE __________________________

WORK PHONE __________________________

CELL PHONE __________________________

BEEPER ______________________________

FAX _________________________________

EMAIL ________________________________

__ I have a prayer request.

MAIL TO:
BASIC Institute
P.O. Box 431
Kiln, MS 39556
USA
or
Phone (228) 255-9251 / Fax (228) 255-8927
Email basic@basicministries.com
Web page www.basicministries.com

++++++

လူ့ဘဝအကြောင်းကို အံ့ဩမိပါသလား။
သင့်ပြဿနာများ၏ အရင်းအမြစ်နှင့် အဘယ်သို့
အောင်မြင် ကျော်လွှားရမည်ကို သိလိုပါသလား။
အောင်မြင်သော ခရစ်ယာန်အသက်တာတွင်
အသက်ရှင် လိုပါသလား။
ခရစ်ယာန်အသက်တာအကြောင်းကို ဝေငှဟောပြော
လိုပါသလား။
သို့ဖြစ်လျှင် ဤစာအုပ်သည် မိတ်ဆွေအတွက်
ဖြစ်သည်။

ထုတ်ဝေသ I Bro. Henry Pulsifer
&
ရုပ်ပြစီစဉ်သူ Paula Mingucci
+ + +

မိတ်ဆွေ၏အသက်တာတွင် အောင်မြင်ခြင်းများ
ရရှိနိုင်ရန်အ တွက် အထောက်အကူဖြစ်စေရန်
ရည်ရွယ်ပြီး ပြုစုသော သင်ခန်းစာ တွဲများမှ
တစ်ခုဖြစ်သည်။ Rev. Henry သည် နှစ်ပေါင်း
လေးဆယ် ကျော်အတွင်း ခရစ်တော်အတွက်
အသက်ရှင်ခြင်းဖြင့် ရရှိသော အောင်မြင်ခြင်းများနှင့်
လက်ဝါးကပ်တိုင်တော်နှင့် လျှောက်လှမ်း ခြင်း
အားဖြင့် ကင်ဆာရောဂါမှ ကျန်းမာခြင်းကို
ရရှိခံစားခဲ့သည်။ ဤသို့ ကျန်းမာခြင်းရရှိသောအခါ



နိုင်ငံအသီးသီးသို့သွားပြီး ယေရှု အကြောင်းကို
ဝေငှကာ၊ ယေရှုအတွက် အသက်ရှင်ခြင်းဖြင့် အောင်
မြင်ခြင်းရရှိရန်၊ အသက်တာအတွက် ဘုရားသခင်၏
အကြံအစည် တော်ကို ပြည့်စုံစေရန်
အမှုတော်မြတ်ကို ဆောင်ရွက်သည်။
ဤအတွေ့အကြုံများအားဖြင့် အသက်တာတွင်
အောင်မြင် ခြင်း ရရှိနိုင်ရန်
ဤအခြေခံသင်ခန်းစာများကို ပြုစုခဲ့သည်။နေ့စဉ်
အသက် တာတွင် ခရစ်တော်အတွက်
အသက်ရှင်ခြင်းအားဖြင့် အောင်မြင်မှုများ ရရှိနိုင်ရန်
အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြုစု
ခြင်းဖြစ်သည်။ အဖွဲ့လိုက်ငှင်း၊
တစ်ဦးချင်းအတွက်ငှင်း လေ့လာရန် သင့်လျော်သည်။

+++++++++++++++++
COPYRIGHT 1990 ALL RIGHTS RESERVED
No part of this study may be reproduced without permission from the publisher.
Except, portions may be reproduced if distributed free of charge.
Proper credit should be given for the source of the material.
PUBLISHED BY:
BROTHERS & SISTERS IN CHRIST
P.O. Box 431
Kiln, MS 39556
USA
Phone (228) 255-9251
Fax (228) 255-8927
Email basic@basicministries.com
Web page www.basicministries.com